# “ခရစ္စမတ်၏တန်ဖိုး”

## The Price of Christmas

ကျွန်မတို့၏ ခရစ္စမတ်သစ်ပင်ကို ပထမဦးဆုံး ရရှိသောအခါ ကျွန်မခပ်ငယ်ငယ်မျှသာ ရှိပါသေးသည်။ ထိုစဉ်က မွေးရပ်ဇာတိဖြစ်သော ရိုမေးနီးယားတွင် လျှပ်စစ်ခရစ္စမတ် မပေါ်သေးသဖြင့် ခရစ္စမတ်သစ်ပင်၏ သစ်ကိုင်းများတွင် ဖယောင်းတိုင်အစစ်များကိုသာ ထွန်းညှိရပါသည်။ ထိုသစ်ပင် မြင့်လာသည်နှင့်အမျှ ကျွန်မအတွက် ရသည့်ဆုလာဘ်မှာ ထိုသစ်ပင်တွင် ဖယောင်းတိုင်ကို အချိန်အနည်းငယ်မျှ ထွန်းညှိခွင့်ရခြင်းပင် ဖြစ်ပါသည်။

နှစ်အတန်ငယ်ကြာသောအခါ ခရစ္စမတ်သစ်ပင်၏ အကိုင်းများကြားမှဖြတ်၍ ကျွန်မတို့အိမ်ထဲရှိ သူတော်စင်ရုပ်ကို လှမ်းကြည့်ရင်း ထိုနှစ်ခုတို့၏ ဆက်စပ်မှုရှိမရှိကို စဉ်းစားမိခဲ့သည်။ ထိုသူတော်စင်ရုပ်ထုကို မည်သူဖြစ်ကြောင်း ကျွန်ုပ်တို့မသိသော သူ၏ရုပ်တုအဘယ်ကြောင့် အိမ်တွင်ထားရကြောင်း ရှင်းပြချက်ကို ကျွန်မအမှန်တကယ် နားမလည်ခဲ့ပါ။

ကျောင်းတက်ရမည့်အရွယ်သို့ ရောက်သောအခါ ကျောင်းတွင်ဖြစ်စေ၊ အိမ်နှင့်မသိသော လူစိမ်းများနှင့်ဖြစ်စေ၊ ခရစ္စမတ်ဟူသော စကားကို မသုံးရန်၊ ခရစ္စမတ်သစ်ပင်ကို “နှစ်သစ်သစ်ပင်”၊ ကျောင်းပိတ်ရက်ကို “ဆောင်းတွင်းကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်” ဟုခေါ်ရန် ဆွေမျိုးများက ကျွန်မကို သတိပေးကြသည်။ ခရစ္စမတ်ဟူသော စကားကို အိမ်တွင်မှ အသုံးပြုခဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိသားစုဝင်အများစုမှာ အသက်အရွယ်ကြီးရင့်သူများ ဖြစ်ကြသည်။ (ဆိုဗီယက်ခေတ်အတိုင်မီနှင့် ဆိုဗီယက်ခေတ်ကာလအတွင်းရှိ မိသားစုများကဲ့သို့ပင်၊ ကျွန်မတို့ မိသားစုတွင် လူခုနစ်ဦး၊ မျိုးဆက် ၃ခုရှိပါသည်။) ထို့ပြင် ခရစ္စမတ်သည် မိသားစုများ၏ ဘဝတစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပါသည်။

ကျေးလက်ဒေသတစ်ခုတွင် ကျင်းပပြုလုပ်ခဲ့သော ခရစ္စမတ်ပွဲ တစ်ခုကိုလည်း ကျွန်မသတိရနေသေးသည်။ ထိုဒေသရှိလူများမှာ အတန်ငယ်လွတ်လပ်မှု ရှိကြသည်။ ပထမဦးဆုံး ခရစ္စမတ်ကို သီကျူးသော သီချင်းများကို နားထောင်ရသည်။ သီဆိုနေသော ကလေးများသည် ဖြစ်ရပ်မှန်ကို သဘောပေါက်သီဆိုခြင်း ဟုတ်မဟုတ်ကိုဖြစ်စေ၊ သူတို့သီဆိုနေကြသော သီချင်း၏ အဓိပ္ပါယ်ကိုဖြစ်စေ၊ ကျွန်မနားမလည်ခဲ့ပါ။ သို့သော် ထိုခရစ္စမတ်ကား အမှန်ပင် စိတ်လှုပ်ရှားဖွယ်ကောင်းပါသည်။

ကျွန်မအရွယ်ရောက်လုနီးအချိန်၊ ကွန်မြူနစ်ဝါဒ ပြိုကွဲပျက်စီးချိန်တွင် ခရစ္စမတ်အကြောင်းနှင့် သမ္မာကျမ်းစာပါ အံ့သြဖွယ်အမှန်တရားများကိုပါ လေ့လာခွင့်ရခဲ့ပါသည်။ ကျွန်မနှင့် ညီမလေးတို့ သမ္မာကျမ်းစာကို ရူတ်တရက် စိတ်ဝင်စားလာကြသည်ကိုတွေ့သော ကျွန်မဖခင်ကြီးတွင် စိုးရိမ်စိတ်နှင့် မကျေနပ်စိတ်များ ရောထွေးနေသည်ကိုလည်း ကျွန်မသတိထားမိခဲ့သည်။ ကျွန်မတို့သည် ယခုအခါ မိမိယုံကြည်မှုကို လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်နိုင်ကြသော်လည်း ဖခင်ကြီးကမူ အိမ်တွင်ခရစ္စမတ်ပွဲ ကျင်းပရန်ဖြစ်စေ၊ ခရစ္စမတ်သစ်ပင် ပြုလုပ်ရန်ဖြစ်စေ၊ ငြင်းဆန်နေခဲ့သည်။ ကျွန်မတို့ မောင်နှမ ၃ဦးတွင် မုန့်ဖိုးကိုယ်စီရှိသော်လည်း ခရစ္စမတ်သစ်ပင်ဝယ်ရန် မလုံလောက်ခဲ့ပါ။ သို့ဖြင့် ခရစ္စမတ်မတိုင်မီနေ့တွင် လမ်းပေါ်မှ လူစိမ်းတစ်ဦးက ကျွန်မညီမလေးကို လှပသောသစ်ပင်တစ်ပင်အား ခရစ္စမတ်လက်ဆောင်အဖြစ် ပေးလိုက်သည်။ ကျွန်မတို့အတွက် မည်မျှအံ့သြဖွယ်ဖြစ်ရပ်ပါနည်း။ ဧည့်ခန်းထဲတွင် ခရစ္စမတ်သစ်ပင်အား ပျော်ပျော်ပါးပါး အလှဆင်နေကြသည်ကို ဖခင်ကြီးကပင် မငြင်းပယ်တော့ပါ။

နှစ်အတန်ကြာသောအခါ ကျွန်မသည် အချိန်ပြည့်ခရစ်ယာန် စေတနာ့ဝန်ထမ်းဖြစ်လာပြီး ခရစ်ယာန်စင်စစ်တစ်ဦး ကျင်းပသည့်နည်းလမ်းအတိုင်း ကျွန်မ၏ ပထမဆုံး ခရစ္စမတ်ပွဲကို ကျင်းပကာ ကျွန်မတို့အား ချစ်ခြင်းမေတ္တာ ဖြန့်ကျက်ပေးသော ဂျေးဆက်ကို ကျေးဇူးတင်ခြင်းနှင့် သူ၏ချစ်ခြင်းမေတ္တာကို အခြားသူများအား မျှဝေခြင်းတို့ကို ပြုလုပ်ကျင်းပခဲ့ပါသည်။ ယင်းကား ပီတိသုခပေတည်း။ ခရစ္စမတ်ပွဲတွင် ကျွန်မတို့အတွက် ဂျီဆက်တည်းဟူသော သူ၏သားကို အစွန့်လွှတ်ခံခဲ့ရပုံကို ဖခင်တစ်ဦးက သီချင်းသီဆိုသောအခါ ကျွန်မဝမ်းနည်းကြေကွဲခဲ့ရပါသည်။ ထိုအချိန်တွင် ကျွန်မသည် အိမ်ထောင်သည်တစ်ဦး ဖြစ်နေခဲ့သဖြင့် လှိုက်လှဲစွာစာနာ ငိုကြွေးမိခြင်း ဖြစ်ပါသည်။

ပထမဆုံး ခရစ္စမတ်ဖြစ်သဖြင့် အလှဆင်ယင်နေရသဖြင့် ထိုနှစ်က ခရစ္စမတ်သည် ပြီးဆုံးနိုင်တော့သည် မထင်ခဲ့ပါ။ ထိုအဖြစ်က ကျွန်မ၏ နှလုံးသားထဲတွင် နေ့စဉ်စွဲထင်နေဆဲ ဖြစ်ပါသည်။ ထို့အတူ ဘုရားသခင်က ဂျေးဆက်အပေါ်တွင် ထားရှိသော မေတ္တာတော်၊ ကျွန်မတို့၏ ဘုရားသခင်အပေါ် ထားရှိသော ယုံကြည်မှုနှင့် မျှော်လင့်ချက်ကိုလည်း အခြားသူများကို ဝေမျှပြောပြဖြစ်ခဲ့ပါသည်။

ကျွန်မတို့ ပျော်ရွှင်မှုနောက်ကွယ်ရှိ ဝေဒနာကို စဉ်းစားမိတိုင်း ခရစ္စမတ်တိုင်း ကျွန်မမျက်ရည် ဝဲခဲ့မိပါသည်။ သို့ရာတွင် ပျော်ရွှင်ကြည်နူးမှုက ဝမ်းနည်းမှုကို ဖုံးလွှမ်းခဲ့ပါသည်။ ယင်းသည်ပင် ခရစ္စမတ်၏ တန်ဖိုးဖြစ်သည်။ ကျွန်မတို့၏ ကောင်းကျိုးအတွက် ဘုရားသခင်က ကျေနပ်ပျော်ရွှင်စွာ ပေးဆပ်ခဲ့သော တန်ဖိုးပင် ဖြစ်ပါလိမ့်မည်။

(ပရစ်စီးလာ လစ်စီယူ)

(By. Priscila Lipciuc)